ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )**

**[ တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ) အရ ကတိသစ္စာ မပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးဖို့ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးနောက် မိမိအမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။

"ကျွန်ုပ်သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည် ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။"

အားလုံး ထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၇၀) ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုကို ဖတ်ကြား တင်ပြပါမယ်။

ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ မိသားစုကျန်းမာရေး။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ ကယား(၂)၊ ကျန်းမာရေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ဖွံ့ဖြိုးရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ မိသားစု ကျန်းမာရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးတင်ရှန်၊ တနင်္သာရီ(၆)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြ ချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်ပါတယ်။ ယခုနှစ်ဟာ ပထမအကြိမ် အမျိုးသားလွှတ်တော်ရဲ့ နောက်ဆုံးနှစ် ဖြစ်တဲ့အတွက် ယခုကျင်းပမယ့် အစည်းအဝေးကစပြီး လွှတ်တော်ရဲ့လုပ်ငန်းများကို လက်စသပ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခု လွှတ်တော်ကာလများမှာ တတ်နိုင်သမျှ စုံစုံညီညီ တက်ရောက်ကြပြီး အင်တိုက်အားတိုက် ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ကျိုင်းတုံမြို့နယ်၊ ကတ်တောင် ကျေးရွာအုပ်စု၊ နမ့်ခင်ချောင်းကူး လာမိုင်း ဝါးတံတားကို သစ်သား သို့မဟုတ် ဘေလီတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် က ကျိုင်းတုံမြို့နယ်၊ ကတ်တောင် ကျေးရွာအုပ်စု၊ နမ့်ခင်ချောင်းကူး လာမိုင်းဝါးတံတားကို သစ်သား သို့မဟုတ် ဘေလီတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ ယခုနှစ်သစ်နဲ့အတူ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအသစ် မှာမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး၊ ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းပြီး လိုအင်ဆန္ဒများနဲ့ ပြည့်ဝပါစေလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စုရှိ နမ့်ခင်ချောင်း ကူးလာမိုင်းဝါးတံတားကို သစ်သား သို့မဟုတ် ဘေလီတံတားဖြင့် တည်ဆောက်ပေးရန် အစီအစဉ်များကို ကျေးရွာလူထုများရဲ့ ဆန္ဒအရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခင်ချောင်းရဲ့ ပုံသဏ္ဌာန်အနေအထား အနည်းငယ်ကို တင်ပြခွင့်ပြုပါခင်ဗျား။ နမ့်ခင်ချောင်းဟာ ကျိုင်းတုံမြို့ ကျိုင်းတုံချိုင့်ဝှမ်းရဲ့ အလယ်မှာ ဖြတ်သန်းသွားတဲ့ အလွန်အရေးပါတဲ့ ရေချောင်းတစ်ခု ဖြစ်ပါတယ်ခင်ဗျား။ မြို့ရဲ့ အနောက်ဘက်အခြမ်းမှာရှိတဲ့ လယ် ဧကများစွာကို အထူးအကျိုးပြုပေးလျက် ရှိပါတယ်။ တောင်ဘက်မှ မြောက်အရပ်သို့ စီးဆင်းသွားတဲ့ ရေချောင်း ဖြစ်ပါတယ်ခင်ဗျား၊ အဲဒါကြောင့် ရှမ်းလို နမ့်ခင် ဒါမှမဟုတ် နမ့်ခိုင် လို့ ခေါ်ပါတယ်ခင်ဗျား။ အဓိပ္ပါယ်ကတော့ အပေါ်ဘက်ကို စီးသွားတဲ့ ရေလို့ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီမှာနေတဲ့ သူကိုလည်း တိုက်ခင် ဒါမှမဟုတ် ဂုံရှမ်းလူမျိုးလို့ ခေါ်ပါတယ်ခင်ဗျား။ အဲဒီ နမ့်ခင်ချောင်းဟာ မြို့ရဲ့ မြောက်ဘက်အစွန်ဆုံး မှာရှိတဲ့ ပန့်မိုင်းတောင်ကြားကို ဖြတ်သန်းသွားပြီး မြောက်ဘက်မှ စီးဆင်းလာတဲ့ နမ့်လွေချောင်းနဲ့ ပေါင်းဆုံကာ နမ့်လွေချောင်းကြီးအဖြစ် မဲခေါင်မြစ်ထဲသို့ ဆက်လက်စီးဆင်းသွားပါတယ်ခင်ဗျား။

ပန့်မိုင်းတောင်ကြားမှာ အလွန်ကျဉ်းမြောင်းတဲ့အတွက် ပန့်မိုင်းဒေသမှာ ရေကန်ကြီးသဖွယ် ရေတင်နေပါတယ်ခင်ဗျား။ နမ့်လပ်၊ နမ့်ခတ်၊ နမ့်ဖူး စတဲ့ တောင်ကျချောင်းများလည်း လာမိုင်းအထက်နားမှာ နမ့်ခင်ချောင်းနဲ့ လာပူးပေါင်းတဲ့အတွက်ကြောင့် လာမိုင်းဒေသမှာ ရေချောင်း အလွန်ကျယ်ပြီး ရေစီးသန်ပါတယ်ခင်ဗျား။ တစ်ချို့နေရာမှာ ပေ (၃၀၀)၊ (၃၅၀)လောက်ရှိပါတယ် ခင်ဗျား။ အဲဒီပန့်မိုင်းရဲ့ တောင်ပေါ်နဲ့ တောင်ရဲ့အနီးတစ်ဝိုက် တောင်ခြေမှာ ရွာငယ်များစွာ တည်ရှိပါတယ်ခင်ဗျား။ ရွာရဲ့ဓလေ့ထုံးစံအတိုင်း သူ့အုပ်စုနဲ့သူ နေထိုင်တတ်ကြပါတယ်။ ရှမ်းလူမျိုးအုပ်စု ဖြစ်တဲ့ လာမိုင်း၊ နားပိန်း၊ ဝမ်ဒေါင်၊ ဝမ်ခမ် စတဲ့ ရွာမှ အိမ်ခြေပေါင်း(၁၀၀)ခန့် ရှိပါတယ်ခင်ဗျား။

အာခါလူမျိုးအုပ်စုဖြစ်တဲ့ ဟိုနားအာခါ၊ ဟွေပွန်းအာခါ၊ မတ်ခမ်ပွန် စတဲ့ရွာတို့မှာ အိမ်ခြေ (၈၀)ကျော်နဲ့ တိုင်းလွယ်လူမျိုးအုပ်စုဖြစ်တဲ့ ဝမ်ကမ်၊ နမ့်လင်းမိုင်စတဲ့ ရွာမှ အိမ်ခြေ(၈၀)ကျော်ရှိပါတယ်ခင်ဗျား။ စုစုပေါင်းအိမ်ခြေ(၂၅၀)နဲ့ လူဦးရေ (၁၅၀၀)ခန့်ရှိပါတယ်။ ထိုရွာငယ်များဟာ နမ့်ခင်ချောင်းရဲ့ တစ်ဘက်ကမ်းမှာရှိတဲ့ ကတ်တောင်ကျေးရွာအုပ်စုထဲမှာ ပါဝင်ပါတယ်။ အဲဒါကြောင့် ဒီချောင်းရဲ့ အခြားတစ်ဘက်ကမ်းနဲ့ တစ်ချိန်လုံးသွားလာ ဆက်သွယ်နေရပါတယ်ခင်ဗျား။ အုပ်ချုပ်ရေးမှအစ စီးပွားရေး၊ လူမှုရေးကိစ္စများအားလုံး ချောင်းတစ်ဘက်ကမ်းနဲ့ ဆက်သွယ်နေရပါတယ်။

စာသင်ကျောင်းများလည်း ဈေးစသည်ဖြင့် ကတ်တောင်ဘက်ကမ်းမှာသာ ရှိပါတယ်ခင်ဗျား။ အဲဒါကြောင့် ဒီချောင်းကို ခက်ခက်ခဲခဲနဲ့ ဖြတ်သန်းသွားလာနေရပါတယ်။

ယခုအချိန်မှာ ကျေးရွာလူထုဟာ ပေ(၂၀၀)ကျော်ကျယ်တဲ့ နမ့်ခင်ချောင်းပေါ်မှာ ဝါးတံတား ထိုးပြီးသွားလာနေကြပါတယ်။ ဝါးတံတားက ခိုင်ခန့်မှု မရှိတဲ့အတွက်ကြောင့် များစွာ အန္တရာယ်ရှိပါတယ်။ တစ်ခါတလေ ရေကြီးတဲ့အခါ ရေစီးနဲ့ မျောပါသွားပါတယ်။ အဲဒီ ဝါးတံတားကို လူကြီးရော၊ ကလေးပါ မကျန် သွားလာအသုံးပြုနေရတဲ့အတွက် များစွာအန္တရာယ်ရှိပါတယ် ခင်ဗျား။ ကျေးရွာလူထုများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် သစ်သားတံတား သို့မဟုတ် ဘေလီတံတားဖြင့် တည်ဆောက်ပေးသင့်သည် ဟု ထင်မြင်ယူဆပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ ကျေးရွာပြည်သူလူထုများ၏ တောင်းဆိုချက်များအရ လာမိုင်းဝါးတံတားကို ဘေလီ သို့မဟုတ် သစ်သားဖြင့် တည်ဆောက်ပေးနိုင်မည့် အစီအစဉ်များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ပါတယ်ခင်ဗျား။

**ပဲခူးမြို့နယ်၊ ကျောက်တန်းကျေးရွာနှင့် ရန်ကုန်-မန္တလေးကားလမ်းမကြီးအား ဆက်သွယ်ထားသော အရှည်(၇)မိုင် (၄)ဖာလုံရှိသည့် ဂဝံလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက ပဲခူးမြို့နယ်၊ ကျောက်တန်းကျေးရွာနှင့် ရန်ကုန်-မန္တလေးကားလမ်းမကြီးအား ဆက်သွယ်ထားသော အရှည်(၇)မိုင် (၄)ဖာလုံ ရှိသည့် ဂဝံလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ကော်မရှင် အဖွဲ့ဝင်များအားလုံး နှစ်သစ်အခါသမယမှာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးမြို့နယ်၊ ကျောက်တန်းကျေးရွာနဲ့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးအား ဆက်သွယ်ထားသော အရှည်(၇)မိုင်၊ (၄)ဖာလုံရှိသည့် ဂဝံလမ်းကို ကွန်ကရစ်လမ်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့နယ်အတွင်းမှာရှိတဲ့ ကျောက်တန်းကျေးရွာဟာ အိမ်ထောင်စု (၁၈၂၄)စုရှိပြီး၊ လူဦးရေ(၇၂၅၀)ဦး နေထိုင်တဲ့ရွာတစ်ရွာဖြစ်ပါတယ်။ ကျောက်တန်းကျေးရွာမှ ရန်ကုန် - မန္တလေးကားလမ်းမ လမ်းဟောင်းနဲ့ အရှည်(၇)မိုင်၊ (၄)ဖာလုံရှိတဲ့ ဂဝံလမ်းနဲ့ ဆက်သွယ်ထားခဲ့ပါတယ်။ ဒီ ဂဝံလမ်းကို ၂၀၀၃ ခုနှစ်မှာ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ပဏ္ဏိတာရာမဘုန်းကြီးကျောင်းနဲ့ ပတ္တမြားကျောင်းတိုက်တို့က ကွန်ကရစ်လမ်းအကျယ်(၁၅)ပေ၊ ထု(၉)လက်မနဲ့ ခင်းတဲ့အခါမှာ လမ်းအရှည် (၄)မိုင်ခန့် ပြီးစီးခဲ့ပါတယ်။ ဒီ ကွန်ကရစ်လမ်းဟာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါကြောင့် ကျန် (၃)မိုင် (၄)ဖာလုံကတော့ ဂဝံလမ်းဖြစ်ပြီးတော့ လမ်းဟာလည်း မိုးများတဲ့အတွက် ဒါဆိုးဝါးတာကို တွေ့ရှိရပါတယ်။ ဒီလမ်းဟာ ကျောက်တန်းကျေးရွာ အနီးမှာရှိတဲ့ ရွာတွေဖြစ်တဲ့ ကင်းပိုင်ကျုံရွာ၊ ကျားတက်နဲ့ နပဲပင်၊ သောင်ကြီး၊ ထန်းပင်ချောင်စတဲ့ ရွာတွေက အိမ်ထောင်စု(၂၃၀၀)နဲ့ လူဦးရေ (၁၃၅၀၀)ဟာ နေ့စဥ် အသုံးပြုနေတဲ့ လမ်းဖြစ်ပါတယ်။

ကျောက်တန်းရွာဟာ ရန်ကုန်မြို့ ပဲခူးမြို့များသို့ မရမ်းသီး၊ သရက်သီး၊ ကနစိုသီး၊ ပိန္နဲသီး စတဲ့ သစ်သီးဝလံတွေနဲ့ ဟင်းသီးဟင်းရွက် ကုန်စိမ်းတွေ၊ သစ်သီးယိုမျိုးစုံတွေကို တင်ပို့ရောင်းချမှုနဲ့ အသက် မွေးဝမ်းကျောင်းပြုတဲ့ ကျေးရွာဖြစ်ပါတယ်။ ဒါကြောင့် ရွာနီးချုပ်စပ်မှာရှိတဲ့ ရွာသူရွာသားတွေ၊ ပြည်သူ တွေ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန်အတွက် ကျန်ရှိတဲ့လမ်းပိုင်း (၃)မိုင် (၄)ဖာလုံကို ကွန်ကရစ် လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဥ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည် တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁) မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ၏ မေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီး ထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ကျိုင်းတုံမြို့နယ်ဟာ ကတ်တောင်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ နမ့်ခင်ချောင်းကူးတံတားဟာ နမ့်လပ်ချောင်းနဲ့ နမ့်ခင်ချောင်း(၂)ခု ပေါင်းဆုံ၍ စီးဆင်းနေသော ချောင်းတစ်ခုဖြစ်ပြီး လက်ရှိအသုံးပြု နေသော ယာယီဝါးတံတားအရှည် (၂၅၀)ပေ ရှည်လျားပြီး မိုးရာသီတွင် ရေစီးသန်ကြောင်း စစ်ဆေးတွေ့ ရှိရပါတယ်။ အဆိုပါ တံတားအား ရေရှည် တည်တံ့ခိုင်မြဲစေရန်နှင့် ဘေးကင်းစွာ အသုံးပြုနိုင်ရန်အတွက် (၂၅၀ x ၁၄ x ၁၅) ပေ ကွန်ကရစ်တံတား(၁)စင်း တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပြီး၊ တံတား တည်ဆောက်ပြီးစီးပါက ကတ်တောင်ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ(၂၄၀)၊ လူဦးရေ (၁၅၀၀)အား အကျိုးပြုနိုင်မည် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုတင်ပြသော နမ့်ခင်ချောင်းကူး တံတား(၂၅၀)ပေအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည် ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေ ကျပ် (၂၅၀)သန်းခန့် ကုန်ကျမည် ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ရန် လျာ ထားတင်ပြနိုင်ခဲ့ခြင်း မရှိပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်

ဆောင်ရွက်ပေးနိုင်ရန်အတွက် ခွင့်ပြုရန်ပုံငွေရရှိရေး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး သတ်မှတ်တံတား အမျိုးအစားကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ ဦးစောမော်ထွန်း ၏ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကျောက်တန်းကျေးရွာနှင့် ရန်ကုန်-မန္တလေးလမ်းမကြီး ဆက်သွယ်ထားသည့် လမ်းသည် အရှည် (၇)မိုင်၊ (၄)ဖာလုံရှိပြီး (၄)မိုင်သည် ကွန်ကရစ်လမ်းဖြစ်၍ ကျန် (၃)မိုင်၊ (၄)ဖာလုံမှာ ဂဝံလမ်းပျက်ဖြစ်ပါတယ်။ အဆိုပါ လမ်းပေါ်တွင် ကွန်ကရစ်တံတား(၃)စင်းရှိပြီး လက်ရှိတွင် ကောင်းမွန်လျက်ရှိပါတယ်။ အဆိုပါလမ်းအား ကျေးရွာအုပ်စု (၅)စု၊ ကျေးရွာ(၁၂)ရွာ၊ အိမ်ခြေ (၃၄၈၀)၊ လူဦးရေ (၂၀၇၈၆)ဦးအား အကျိုးပြုသွားလာလျက် ရှိပါတယ်။ ကျောက်တန်းကျေးရွာနှင့် ရန်ကုန်-မန္တလေး လမ်းမကြီး ဆက်သွယ်သော လမ်းအား (၃)မိုင် (၄)ဖာလုံ၊ (၁၂)ပေ (၆)လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၄၃၇.၅)သန်း ကုန်ကျမည် ဖြစ်ပါတယ်။ အဆိုပါလမ်းအတွက် ကွန်ကရစ်လမ်းခင်းခြင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အစီအစဉ် မရှိသေးပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖားကန့်မြို့နယ်၊ ရှဒူးဇွပ်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း က ဖားကန့်မြို့နယ်၊ ရှဒူးဇွပ်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်

တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါဟု ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖားကန့်မြို့နယ်၊ ရှဒူးဇွပ်ကျေးရွာ၊ အထက် တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းတစ်ခု မေးမြန်းတင်ပြလိုပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှဒူးဇွပ်ကျေးရွာဟာ ဖားကန့်မြို့နယ်ရဲ့ အနောက် ဘက်အစွန်ဆုံးရွာဖြစ်ပြီးတော့ တနိုင်းမြို့နယ်နဲ့နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော ရွာတစ် ရွာဖြစ်ပါ တယ်။ ဖားကန့်မြို့မှ (၇၁)မိုင်ကွာဝေးပြီး အထက်တန်းကျောင်းခွဲအဖြစ် ၂၀၁၀ ခုနှစ်မှာ အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီး လက်ရှိကျောင်းသား (၁၂၃၃)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ကျောင်းဧရိယာမှာ(၇) ဧကရှိပြီး၊ စာသင်ဆောင်(၄)ဆောင်၊ စာသင်ခန်း(၂၀)ခန်း၊ ကျောင်းပရိဘောဂ၊ စာကြည့်တိုက်၊ ရေလောင်း အိမ်သာနဲ့ အားကစားကွင်းစတဲ့ အထက်တန်းကျောင်းတစ်ကျောင်းရဲ့ အင်္ဂါရပ်များလည်းရှိပြီး ဖြစ်ပါတယ်။ အဆိုပါကျောင်းသို့ ရှဒူးဇွပ်ကျေးရွာ၊ ဝါရာဇွပ်ကျေးရွာ၊ ချောင်းဆုံကျေးရွာ၊ လောက်ဂျာ ကျေးရွာ၊ ဘန်ကောက် ကျေးရွာ၊ ဘန်ကောက်ကွက်သစ်နဲ့ ခလရ (၂၉၇)တို့မှ ကျောင်းသား၊ ကျောင်းသူ များ ပညာသင်ကြားလျက်ရှိကြပါတယ်။ ကျောင်းသားမိဘအများစုဟာ တောင်သူလယ်သမားများ ဖြစ်ကြပြီး မြို့နဲ့အလှမ်း ကွာဝေးကာ ခက်ခဲသောဒေသလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖားကန့်မြို့နယ်၊ ရှဒူးဇွပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် မြှင့်တင်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပုလဲမြို့နယ်၊ တနယ်ကျေးရွာနှင့် အိုင်းမကျေးရွာတို့ရှိ အခြေခံပညာ မူလတန်း(လွန်)ကျောင်းများကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များ အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့် က ပုလဲမြို့နယ်၊ တနယ်ကျေးရွာနှင့် အိုင်းမကျေးရွာတို့ရှိ အခြေခံပညာ မူလတန်း(လွန်) ကျောင်းများကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်များနဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ပုလဲမြို့နယ်ရဲ့ ပညာရေးကဏ္ဍ လုပ်ငန်းလိုအပ်ချက်များအား တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်းမှာ ပုလဲမြို့နယ် အနေနဲ့ အခြေခံပညာ မူလတန်းလွန်ကျောင်းအဆင့်မှ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အောက်ဖော်ပြပါ ကျေးရွာဒေသများ ရရှိခဲ့ပြီးဖြစ်ပါတယ်။ ၎င်းတို့မှာ လယ်ဓမ္မကျေးရွာ၊ မယင်းကျေးရွာ၊ မရိုးတုန်းကျေးရွာ၊ နွယ်ရှောက်ကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ဇီတ္တောင့်ကျေးရွာ၊ သဲပြင်ကျယ်ကျေးရွာတို့ ဖြစ်ကြပါတယ်။

သို့သော်လည်းပဲ နှစ်ကာလကြာမြင့်စွာ ပညာရေးကဏ္ဍကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတဲ့ ကျေးရွာများအနေဖြင့် ပညာရေးဦးစီးဌာနမှ သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ ကျောင်းအဆင့် တိုးမြှင့်စေရေးအတွက် အကြိမ်ကြိမ် တင်ပြခဲ့သော်လည်း တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်း မရှိခဲ့ခြင်းကြောင့် ဤမေးခွန်းအား မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။

အထူးသဖြင့် ပုလဲမြို့နယ် တနယ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် တောင်ပေါ်ဒေသ အိုင်းမကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများ၏ အဆင့်တိုးမြှင့်ခြင်းနှင့် ပတ်သက်၍ တင်ပြသွားမှာ ဖြစ်ပါတယ်။

တနယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ၁၉၅၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းလွန်ကျောင်းအဆင့်ကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါ တယ်။ တနယ်ကျေးရွာမှာ အိမ်ခြေ(၅၁၀)၊ လူဦးရေ(၂၀၉၃)ဦးနေထိုင်သော ကျေးရွာကြီးဖြစ်ပြီး ပတ်ဝန်းကျင်ဒေသများဖြစ်သော ကျောက်ကုန်းကျေးရွာ၊ လုပ်သားကျေးရွာ၊ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကျောက်စောင်းကျေးရွာများမှ တနယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့ကို လာရောက် ဆည်းပူးနေကြရခြင်းဖြစ်ပါတယ်။ လက်ရှိအနေအထားအရ အခြေခံပညာ မူလတန်းလွန်ကျောင်းမှာ သူငယ်တန်းမှ သတ္တမတန်းအဆင့်ထိ ကျောင်းသား၊ ကျောင်းသူဦးရေ (၆၀၇)ဦးပညာသင်ကြားနေပြီး သက်ဆိုင်ရာ ပညာရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက်အရ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဆင့်ကို တိုးမြှင့်ပေးရန် ထောက်ခံတင်ပြထားပြီးလည်း ဖြစ်ပါတယ်။

အလားတူပဲ အိုင်းမကျေးရွာ အခြေခံပညာမူလတန်းကျောင်းဟာ ပင်မကျောင်းဖြစ်တဲ့ ဝက်ကျကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနဲ့ (၇)မိုင်ခန့်ကွာဝေးပြီး ၁၉၆၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းလွန်ကျောင်းအဆင့်ကို တိုးမြှင့်ခွင့်ရရှိခဲ့ပြီး လက်ရှိအနေအထားအရ ကျောင်းသူ၊ ကျောင်းသား အင်အား(၃၀၀)ဦးဖြင့် သင်ကြားဆောင်ရွက်လျက်ရှိပါတယ်။ အိုင်းမကျေးရွာအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများဖြစ်သော စစ်ရင်၊ တောင်ရင်း၊ ဆည်ကြီး၊ ရေသာ၊ သက္ကယ်ကျင်း၊ ဆည်ပြင်ကျေးရွာ(၆)ရွာမှ အိုင်းမ အခြေခံပညာ မူလတန်းလွန်ကျောင်းကို အားထား၍ ပညာဆည်းပူးနေရတဲ့ အနေအထားဖြစ်ခြင်းကြောင့် သက်ဆိုင်ရာ ပညာရေးမှူးရဲ့ ကွင်းဆင်းစစ်ဆေးချက်များအရ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဆင့်ကို တိုးမြှင့်ပေးရန် ထောက်ခံ တင်ပြထားပြီးလည်း ဖြစ်ပါတယ်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို ရှေးရှုလျက် လက်ရှိ ပညာဆည်းပူးနေသော သင်ကြားမှုဆိုင်ရာ အထောက်အထားများအရ သော်လည်းကောင်း၊ တောင်ပေါ်ဒေသ၏ လမ်းပန်း

ဆက်သွယ်ရေး အခက်အခဲအရ ပညာရေး အခွင့်အလမ်းပိုမိုတိုးတက်စေရန် အတွက်သော်လည်းကောင်း အထက်ဖော်ပြပါ ကျေးရွာများရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ခြင်းအပေါ် အထောက်အထားပြု၍သော်လည်းကောင်း၊ ပုလဲမြို့နယ် တနယ်ကျေးရွာနှင့် အိုင်းမကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းများအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။

**လပွတ္တာမြို့နယ်၊ ရွှေပြည်သာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှိုင်ဦး က လပွတ္တာမြို့နယ်၊ ရွှေပြည်သာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကော်မရှင် အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လပွတ္တာမြို့နယ် ကြိမ်ကုန်းကြီး ကျေးရွာအုပ်စု၊ ရွှေပြည်သာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကြိမ်ကုန်းကြီးကျေးရွာအုပ်စု ရွှေပြည်သာကျေးရွာသည် အိမ်ခြေ(၆၃၈)အိမ်၊ အိမ်ထောင်စု(၆၉၂)စု၊ လူဦးရေ(၂၉၆၄)ဦးရှိသော ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ရွှေပြည်သာရွာမှာ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ဖွင့်လှစ်စာသင်ဆောင်(၄)ဆောင်နဲ့ ကျောင်းသုံးပရိဘောဂပြည့်စုံသော ကျောင်းတစ်ခုဖြစ်ပြီး မိဘများ၊ ကျောင်းအကျိုးဆောင်အဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများဟာ ပညာရေးကို လိုလားကြပြီး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာအုပ်စုတစ်ခုလုံးရှိ ကျေးရွာခွဲများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများအတွက် အလယ်တန်းပညာနှင့် အထက်တန်းပညာ သင်ကြားရန် အားကိုးအားထားပြုကြတဲ့ ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။

အလယ်တန်းပညာ သင်ယူတတ်မြောက်အောင်မြင်ပြီးတဲ့ ကျောင်းသူ ကျောင်းသားအများစုဟာ အထက်တန်းပညာသင် ကျောင်းများရှိရာ လပွတ္တာမြို့၊ ကြာကန်ရွာ၊ ကန်ဘက်ရွာနှင့် မြောင်းမြမြို့

များသို့ သွားရောက်ပညာသင်ယူရန် ကုန်ကျစရိတ် မတတ်နိုင်တဲ့အတွက် အထက်တန်းပညာကို သင်ယူခွင့် မရရှိကြကြောင်းလည်း ဒေသခံများရဲ့ပြောကြားချက်ကို ကျွန်တော်တို့ပြန်လည် ကြားသိခဲ့ရပါတယ်။ ရွှေပြည်သာကျေးရွာမှာ အလယ်တန်းကျောင်းကနေပြီးတော့ အထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ခွင့်ရရှိမှသာ အလယ်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အထက်တန်းပညာကို ဆက်လက်ပညာသင်ယူနိုင်ခွင့် ရရှိကြမှာဖြစ်ကြောင်း တင်ပြကြပါတယ်။

သို့ဖြစ်ပါ၍ လပွတ္တာမြို့နယ် ကြိမ်ကုန်းကြီးကျေးရွာအုပ်စု၊ ရွှေပြည်သာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းအား ကျောင်းသားမိဘများ၊ ကျောင်းအကျိုးဆောင်အဖွဲ့ဝင်များနှင့် ဒေသခံမိဘပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**လသာမြို့နယ်၊ ပြည်သူပိုင်သိမ်း အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံ အကျိုးတူဆောက်လုပ်ရာတွင် မူလအခန်းပိုင်ရှင်အား အကျိုးတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အခန်းများပြန်လည်ပေးအပ်ခြင်း မရှိသေးသည့်ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က လသာမြို့နယ်၊ ပြည်သူပိုင်သိမ်း အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံ အကျိုးတူဆောက်လုပ်ရာတွင် မူလအခန်းပိုင်ရှင်အား အကျိုးတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အခန်းများ ပြန်လည်ပေးအပ်ခြင်း မရှိသေးသည့်ကိစ္စနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့်တကွ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့ကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လသာမြို့နယ် ပြည်သူပိုင်သိမ်း အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းရဲ့ အဆောက်အအုံ အကျိုးတူဆောက်လုပ်တဲ့နေရာမှာ မူလအခန်းပိုင်ရှင်များအား အကျိုးတူစာချုပ်ပါ စည်းကမ်းချက်များနဲ့အညီ အခန်းများ ပြန်လည်ပေးအပ်ခြင်းမရှိသည့်ကိစ္စနှင့် ပတ်သက်ပြီး တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းဟာ မူလက ယူတိတ်တရုတ် အလယ်တန်းကျောင်း အမည်တွင်ခဲ့ပြီးတော့ ပြည်သူပိုင်သိမ်း အဆောက်အအုံ ဖြစ်ခဲ့ပါတယ်။ အဆိုပါ အဆောက်အအုံ အခန်းအမှတ်(၁၄၇)မှာ ဦးထွန်းခင် နဲ့ မိသားစုတို့က နေထိုင်ကြပြီးတော့ အခန်းအမှတ်(၁၄၉)မှာ ဦးလှဝေ နဲ့ သမီး ဒေါ်မြမြဝင်း မိသားစုတို့ နေထိုင်ကြပါတယ်။ အဲဒီ အဆောက်အအုံ ဟာဖြင့်#မြေညီထပ်မှာ ၁၉၄၆

ခုနှစ် လွတ်လပ်ရေးမရမီကစပြီးတော့ နေထိုင်ခဲ့ကြပြီး ပြည်သူပိုင်သိမ်းစဥ်ကလည်း အဆိုပါ လူနေတိုက်ခန်းများ ပါဝင်ခြင်း မရှိခဲ့ကြောင်းကိုလည်း အတိအလင်းဖော်ပြထားတာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်ကာလ ကြာမြင့်ခဲ့ပြီဖြစ်တဲ့အခါမှာ အဆိုပါ ပြည်သူပိုင်သိမ်းအဆောက်အအုံမှာ ဘက်ပေါင်းစုံ ပျက်စီးချို့ယွင်းလာပြီ ဖြစ်တဲ့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကနေ အန္တရာယ်ရှိ အဆောက်အအုံ အဖြစ်နဲ့ သတ်မှတ်ခဲ့ပြီးတော့ ၁၈-၈-၂၀၀၃ ရက်နေ့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ၊ ပညာရေးဌာန၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာမြေဆောက်လုပ်ရေးကုမ္ပဏီမှ ကန်ထရိုက်တာနှင့် မူလနေထိုင်သူ မိသားစုများ တွေ့ဆုံညှိနှိုင်းခဲ့ကြပါတယ်။ ထိုစဥ်က ကျင့်သုံးခဲ့သော မူအရ သံကူကွန်ကရစ်(၈)ထပ်ကျောင်းနှင့် အဆင့်မြင့် လူနေတိုက်ခန်းများ ပူးတွဲဆောက်လုပ်ရန် ညှိနှိုင်းသဘောတူညီခဲ့ကြကြောင်းလည်း သိရပါတယ်။

သို့ပါ၍ ၂၈-၈-၂၀၀၃ ခု ရက်နေ့မှာဆိုရင် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းအပ်နှံသူအဖြစ်လည်းကောင်း၊ မြန်မာမြေ ဆောက်လုပ်ရေးကုမ္ပဏီ ကန်ထရိုက်တာက လုပ်ငန်းလက်ခံသူအဖြစ်လည်းကောင်း၊ တစ်နှစ်အတွင်းအပြီး ဆောက်လုပ်ရန် သဘောတူညီချက်ဖြင့် စာချုပ်ကို ချုပ်ဆို ဆောင်ရွက်ခဲ့ကြပါတယ်။

အဆိုပါ အကျိုးတူစာချုပ်အရ လုပ်ငန်းလက်ခံသူ ဆောက်လုပ်ရေးကုမ္ပဏီက မိမိခံစားခွင့်ရှိသည့် အဆင့်မြင့်လူနေတိုက်ခန်းအဆောက်အအုံအပိုင်းမှ မူလနေထိုင်သူများဖြစ်ကြသော ဦးထွန်းခင်မိသားစုနှင့် ဦးလှဝေ၊ သမီး ဒေါ်မြမြဝင်း တို့ မိသားစုအတွက် မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်(၃)ခန်းစီတို့ကို ပြန်လည်နေရာချထားပေးရန် စာချုပ်တွင် အတိအကျ ထည့်သွင်းချုပ်ဆိုထားခဲ့ကြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ အဆောက်အအုံမှာ မူလနေထိုင်သူများအနေနဲ့ ထိုစဥ်က မိမိတို့ကြားသိမြင်တွေ့နေရသော အကြောင်းချင်းရာများနှင့် အခြေအနေအရပ်ရပ်တို့အပေါ် အခြေခံပြီးအဆောက်အအုံ ဆောက်လုပ်ပြီးစီးသည့်အခါတွင်လည်း စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ မိမိတို့အား အခန်းအစား ပြန်လည်ပေးမည့်အစီအစဥ် ကတိပျက်ကွက်ခဲ့သော် ဟူသော စိုးရိမ်ပူပန်စိတ်များဖြင့် မိမိတို့ နှစ်ရှည်လများ နေခဲ့ကြသည့် အခန်းများကို ရုတ်တရက်စွန့်လွှတ်ရန် ဝန်လေးခဲ့ကြပါကြောင်း၊ သို့ရာတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက မဖြစ်မနေ ဖယ်ရှားပေးရန် နေ့ရက်၊ အချိန်ကန့်သတ်၍ အမိန့်ထုတ်ပြန်လာသည့်အခါ၊ အိမ်တိုင်ရာရောက် အသိပေး အကြောင်းကြားလာသည့်အခါတွင် မိမိတို့၏ အိမ်တွင်း အရေးကြီးသည့် ပစ္စည်း၊ ပရိဘောဂ၊ အသုံးအဆောင်များကို သိမ်းဆည်း ယူဆောင်ကာ မိသားစုဝင်များအားလုံး ကန့်သတ်ရက်၊ ကန့်သတ်အချိန် မတိုင်မီ အေးချမ်းစွာဖြင့် မိမိတို့ နေအိမ်တိုက်ခန်းများကို စွန့်လွှတ်ထွက်ခွာပေးခဲ့ကြပါကြောင်းဖြင့် မူလနေထိုင်သူ ကာယကံရှင်များက မိမိအား အထောက်အထားများစွာဖြင့် ရှင်းလင်းတင်ပြခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုစဥ်က ကျွန်တော်ဟာ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှာ ဒုတိယညွှန်ကြားရေးမှူး (ပညာ) တာဝန်ဖြင့်ရှိနေခဲ့ပြီး တာဝန်ပေးချက်အရ မူလနေထိုင်သူများအား ပြောင်းရွှေ့ဖယ်ရှားပေးရန် မိမိအနေဖြင့် ကာယကံရှင်များကို နေအိမ်သို့ သွားရောက်ကာ အမိန့်ဖတ်ကြား ရှင်းလင်းပေးရသည့်တာဝန်ကို ယူခဲ့ရသူ ဖြစ်ပါတယ်။ အကျိုးတူစာချုပ် ချုပ်ဆိုသည့် ကိစ္စအရပ်ရပ်တို့မှာ မိမိနှင့်

သက်ဆိုင်ခြင်းမရှိဘဲ စီမံရေးရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ရုံးချုပ်အကြီးအကဲတို့၏ စီစဉ်ဆောင်ရွက်မှုများသာ ဖြစ်ပါတယ်။

အဆောက်အအုံ ဆောက်လုပ်ပြီးစီးခဲ့သည်မှာ (၁၀)နှစ်ကျော်ကာလတိုင်ခဲ့ပြီဖြစ်သော်လည်း မိမိတို့စိုးရိမ်ပူပန်ခဲ့သည့်အတိုင်း စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအရ မူလနေထိုင်ခဲ့သူများတို့အား အခန်းပြန်လည်ပေးအပ်ခြင်း မရှိခဲ့ပါ၍ ဒုက္ခရောက်နေကြသော မိသားစုများမှာ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကန်ထရိုက်တာတို့အကြား အဖြေမရှိသည့် ပဟေဠိကတိပျက်ကွက်မှုများနှင့် ကြုံတွေ့နေရကာ လသာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့် အသနားခံစာကော်မတီ၊ အမျိုးသားလွှတ်တော်တို့သို့ တင်ပြတိုင်ကြား အသနားခံခဲ့သော်လည်း ယနေ့တိုင် ထူးခြားမှု တစ်စုံတစ်ရာ ဖြစ်မလာခဲ့ပါ၍ မူလဖြစ်စဥ်တွင် ပါဝင်ခဲ့သည့် မိမိအား အကြိမ်ကြိမ်တင်ပြ တိုင်ကြားလာပါ၍ မိမိအနေဖြင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ထားပြီးဖြစ်သည် ဟု ပညာရေးဝန်ကြီးဌာနမှ ပြောကြားချက်အရ မိမိအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာမြဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် နိုင်ငံတော်သို့ သန်းချီ၍ ငွေကြေးများ ပေးသွင်းရန် ပညာရေးဝန်ကြီးဌာန ကြွေးကျန်များပေါ်နေကြောင်း သိရှိရပြန်သဖြင့် ပြည်သူပိုင်ပစ္စည်းထုခွဲရောင်းချရေး ကော်မတီနှင့် ကော်မရှင်မှ တာဝန်ရှိသူများနှင့်ပါ ဆက်စပ်တွေ့ဆုံမေးမြန်း လေ့လာချက်များအရ ပညာရေးဝန်ကြီးဌာနကသာ ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်နေပါကြောင်း လေ့လာသိရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာမြဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် မူလစာချုပ်တွင် (၈)ထပ်ဆောက်ရန်ဖြစ်သော်လည်း (၉)ထပ်ဆောက်၍ အဆင့်မြင့် တိုက်ခန်းများကို ရောင်းစားပြီးဖြစ်ခြင်း၊ မူလနေထိုင်သူများအား ပြန်လည်ပေးအပ်ရမည့် အခန်းများကို ပြန်မပေးဘဲ စက်ပစ္စည်း အရောင်းဆိုင်၊ ဘက်ထရီဂိုဒေါင်နှင့် လျှပ်စစ်ပစ္စည်း ဂိုဒေါင်များအဖြစ် ငှားရမ်းကာ ကိုယ်ကျိုးစီးပွားရှာနေသည်ကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ မျက်မြင်သိရှိနေပါလျက် မျက်ကွယ်ပြုနေသည် ဆိုကာ မူလနေထိုင်သူများက စိတ်မချမ်းမြေ့ဖွယ်ရာ အကြိမ်ကြိမ် တင်ပြတိုင်ကြားလာချက်များအရ ပညာရေးဝန်ကြီးဌာန အနေဖြင့် မဖြစ်မနေ အမြန်ဆုံး ဆောင်ရွက်ပေးသင့်သည့် ကိစ္စရပ်များဖြစ်နေပါ၍ မိမိအနေဖြင့် မလွှဲသာ မရှောင်သာ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကြောင်းအရာတစ်ခုအဖြစ် ယခုကဲ့သို့ ပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် ရှင်းလင်းတင်ပြချက်များကို ပိုမို၍ ထင်သာမြင်သာ ရှိစေရန် Power Point ဖြင့် အကျဉ်းချုပ် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အမှတ်(၃)အခြေခံပညာဦးစီးဌာနက အ.မ.က မူလတန်းကျောင်းအတွက် ချုပ်ဆိုတဲ့ အကြောင်း အချင်းအရာကို ဓာတ်ပုံမှတ်တမ်းများနဲ့ ဆက်လက်ပြီး ရှင်းသွားမှာ ဖြစ်ပါတယ်။ ဒါဟာဆိုရင် ပထမဆုံးကျောင်းဟာ ဘာမှမလုပ်ခင်က တွေ့ရတဲ့ အပေါ်ပုံဖြစ်ပြီး ဒုတိယတိုက်ခန်းကတော့ ဦးထွန်းခင် တို့ နေထိုင်ခဲ့တဲ့ အခန်းဖြစ်ပါတယ်။ လွတ်လပ်ရေးမတိုင်မီ (၁၉၄၆) ခုနှစ်တည်းက နေခဲ့တဲ့ အခန်းပါ။

ဒုတိယအခန်းကတော့ ဦးလှဝေ မိသားစုနေထိုင်တာဖြစ်ပြီးတော့ အလားတူပါပဲ လွတ်လပ်ရေးမတိုင်မီက နေထိုင်တဲ့အခန်းဖြစ်ပြီးတော့ အောက်ထပ်ကတော့ လက်ရှိမူလတန်းကျောင်းရဲ့မြင်ကွင်း

ဖြစ်ပါတယ်။ အခုဖော်ပြချက်များက အပေါ်ထပ်ကပုံကတော့ ကာယကံရှင်များကို အမှန်တကယ် ပြန်လည်ပေးအပ်မယ့်အခန်းများ ဖြစ်ပေမယ့် ဒုတိယပုံပါအတိုင်း အဆိုပါအခန်းများကို ကန်ထရိုက်တာက အငှားချထား၍ ဈေးရောင်းချတဲ့ စတိုခန်းများအဖြစ်နဲ့ ဆောင်ရွက်နေတဲ့အခန်းများ ဖြစ်ကြောင်းဖော်ပြ အပ်ပါတယ်။

ဒီအခန်းကတော့ လက်ရှိကျွန်တော်တို့ ကတိစာချုပ် ချုပ်ဆိုချိန်တုန်းက ပြန်လည်ပေးအပ်မယ်ဆိုတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတစ်ရုံးပါနေတဲ့အတွက်ကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတော့ အခိုင်အမာပြန်လည်ပေးအပ်ပြီးဖြစ်ပြီးတော့ ရဲစခန်းတစ်ခုပါ ပူးတွဲပြီးယခုအခါ ပြန်ရသူပါ ဒီတစ်ဦးတည်း ရှိပါတယ်။

ဖော်ပြပါပုံကတော့ ယခင်တုန်းက စာချုပ်ချုပ်ဆိုစဥ်က ဖော်ပြစဥ်တုန်းက အနီရောင်နဲ့ ပြထားတဲ့ အခန်းများဟာ ကာယကံရှင်များနေထိုင်ကြတဲ့ အခန်းများဖြစ်ကြောင်းကို ထင်ရှားရန် ဒီပုံထဲမှာ ဖော်ပြထားခြင်း ဖြစ်ပါတယ်။

ဒီစာချုပ်ကတော့ ကာယကံရှင်များတို့ကို ဆောက်လုပ်ပြီးစီးသည့်အခါတွင် တစ်ယောက်ကို (၃)ခန်းစီ မူလဧရိယာနဲ့ကိုက်ညီတဲ့ အခန်းများကို ပြန်လည်ပေးအပ်မယ်ဆိုပြီးတော့ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ကျွန်တော်တို့ မြန်မာမြကုမ္ပဏီတို့ ချုပ်ဆိုတဲ့ စာချုပ်ရဲ့ ပထမစာမျက်နှာ ဖြစ်ပါတယ်။

ဒုတိယစာချုပ်မှာ ပါတဲ့အချက်က အလွန်ထင်ရှားပါတယ်။ ဒါဟာ ကျွန်တော် တင်ပြခြင်း အကြောင်းရင်းရဲ့ အနှစ်သာရ ဖြစ်ပါတယ်။ ကာယကံရှင်များကို ဒီလို ပြန်ပေးပါမယ်ဆိုတဲ့ အချက်ကို အခိုင်အမာ ပြောပြတဲ့အထဲမှာ (၁)က ပထမနေထိုင်တဲ့ ဦးထွန်းခင်၊ ဒုတိယ ဦးလှဝေ၊ တတိယ ကတော့ အုပ်ချုပ်ရေး အဖွဲ့အစည်းကို ပြန်ပေးမယ်ဆိုတဲ့ အခန်းကဏ္ဍတွေ ဖြစ်ပေမယ့် အောက်ဆုံးဖော်ပြ ထားတဲ့ အုပ်ချုပ်ရေးအဖွဲ့တွေက ပြန်ပေးပြီးတော့ အပေါ်(၂)ခန်းက လုံးဝပြန်ပေးခြင်း မရှိပါကြောင်း အလေးအနက် ဖော်ပြထားတဲ့ စာချုပ်ပါ ဖော်ပြချက် ဖြစ်ပါတယ်။ ဒီအချက်ကတော့ တိုက်ဆောက်လုပ် ပြီးစီးတဲ့အခါမှာ အစိမ်းရောင်ကတော့ ကျောင်းကို ပြန်ပေးတာဖြစ်ပြီး၊ အနီရောင်ကတော့ ကာယကံရှင် များကို ပြန်ပေးရမှာဖြစ်ပြီး၊ အပြာရောင်ကတော့ အုပ်ချုပ်ရေးမှူးရုံးခန်း ပေးရမယ်ဆိုတဲ့ Date ကို ဖော်ဆောင်ထားတဲ့ အဆောက်အအုံရဲ့ ပုံစံပြပုံပဲ ဖြစ်ပါတယ်။ ဒီအချက်ကတော့ အဆောက်အအုံ ဆောက်လုပ်တဲ့အထဲမှာ အဝါရောင်နဲ့ ပြထားတာ (၈)ထပ် ဆောက်ရမယ်လို့ ဆိုထားသော်လည်း (၉)ထပ်ဆောက်ပြီး အဝါရောင်မှာ ကာယကံရှင်က ကတိစာချုပ်ထဲမှာ ပါတဲ့ အချက်အလက်များကို အလေးအနက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အမှတ်(၃)နဲ့ ကန်ထရိုက်တာကြားမှာ သဘော တူညီချက် တစ်စုံတစ်ရာ မသိရသော်လည်း (၈)ထပ်ဆောက်ရန် ကတိပြုထားတာကို (၉)ထပ် ဆောက် ထားတဲ့ အပေါ်ထပ်ကို ဖော်ပြတဲ့ပုံ ဖြစ်ပါတယ်။ နောက် ဒီ အဆောက်အအုံကြီးကတော့ အခုခါမှာ အခု မြင်ရတဲ့ မြင်ကွင်းအတိုင်း ကျက်သရေရှိစွာနဲ့ ဆောက်လုပ်ပြီးစီးနေတဲ့ မြန်မာမြနဲ့ အမှတ်(၃) အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်းပြီး အပြန်အလှန် ကတိစာချုပ်ဖြင့် ဆောက်လုပ်ပြီးစီးနေတဲ့ အဆောက်အအုံ ကြီးကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီစာချုပ်ကတော့ ပညာရေးဝန်ကြီးဌာနသို့ မတရားခံနေရတဲ့ (၁၀)နှစ် ကျော်ကြာကာလ ဖြစ်တဲ့အတွက်ကြောင့် အပြင်မှာ ငှားရမ်းနေထိုင်ရန် သိန်း(၂၀၀)လောက်အထိ ကုန်ကျ နေပြီဖြစ်လို့ သနားညှာတာသောအားဖြင့် ကတိအတိုင်း မိမိတို့ကို ပြန်ပေးပါ ဆိုပြီးတော့ ကာယကံရှင်

များက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ အသနားခံတဲ့စာ ဖြစ်ပါတယ်။ ဒီစာကတော့ ကျွန်တော်တို့ ပြည်သူတို့၏ တိုင်ကြားစာနဲ့ အသနားခံစာကော်မတီကို ပန်ကြားတဲ့စာ ဖြစ်ပါတယ်။ ဒီဟာကတော့ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကနေပြီးတော့ သူတို့ ကတိကဝတ်ပါ စာချုပ်ပါ အချက်အလက်များကို ဆန့်ကျင်ပြီးတော့ ပညာရေးဝန်ကြီးဌာနပိုင် ဖြစ်တယ် ဆိုပြီးတော့ ပြောဆိုတဲ့အချက်ပေါ်မှာ ညွှန်ကြားရေးမှူးချုပ်ထံကိုလည်းပဲ ပြန်ပြီးတော့ ကာယကံရှင်တွေက အသနားခံခြင်း၊ ဌာနမှူးက ပြန်ကြားခြင်းဆိုတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး ရည်ညွှန်းတာ ဖြစ်ပါတယ်။ ဒီထိပ်ကတော့ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ညွှန်ချုပ်ကိုယ်တိုင်က ဒီအခန်းအားလုံးတို့ဟာ မိမိတို့ ပညာရေးဝန်ကြီးဌာနက ပိုင်ဆိုင်သော အခန်းများသာ ဖြစ်ပါကြောင်း တရားဝင် ထုတ်ပြန်ကြေညာပြီးတော့ အကြောင်းကြားထားတဲ့ စာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီစာကတော့ ကျွန်တော်တို့ အဲဒီဧရိယာမှာ ရှိတဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံသို့ ဒီဖြစ်ရပ်တွေက မသင့်တော်တဲ့အတွက်ကြောင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် တိုင်းနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ဝန်ကြီးချုပ်ထံ တင်ပြတဲ့စာ ဖြစ်ပေမယ့် အဖြေတစ်ရပ် ရရှိခြင်းမရှိဘဲနဲ့ ပြီးဆုံးလျက်ရှိပါကြောင်း တင်ပြတဲ့စာ ဖြစ်ပါတယ်။ ဒီစာကတော့ သမ္မတကြီးကို သိရှိနိုင်စေရန်အတွက် ၎င်းတို့ အဆက်အသွယ်နဲ့ ဦးစိုးမောင် လို့ လိပ်မူပြီးတော့ ထိုစဥ်ကာလတုန်းက ကာယကံရှင်များက သမ္မတကြီးထံ ပန်ကြားတင်ပြခဲ့တဲ့ စာဖြစ်ပါကြောင်း သိရှိရ ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခု ကျွန်တော် တင်ပြပါ အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် တကယ်တမ်းကျတော့ ပညာရေးဝန်ကြီးဌာနဟာ ကန်ထရိုက်တာက ပေးရမယ့် အခွင့်အရေးဖြစ်တာကို အကာအကွယ်ဆောင်ရွက်နေသလို ကာယကံရှင်များ ယူဆစရာ ဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကန်ထရိုက် စာချုပ်ထဲမှာ စာချုပ် ကတိစာချုပ်တဲ့ ကန်ထရိုက်တာက သူပိုင်တဲ့အခန်း ထဲက ကာယကံရှင်များကို ပြန်ပေးရမယ်ဆိုတဲ့ အချက်အလက် အခြေခံ ပါနေတဲ့အတွက် ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျွန်တော် မေးမြန်းလိုတဲ့ အချက်ကတော့ (၁) မူလ အကျိုးတူစာချုပ်မှာ (၈)ထပ် အဆောက်အအုံ ဆောက်ရန် ဖြစ်ပါလျက် ကန်ထရိုက်တာက တစ်ထပ်ပိုပြီး (၉)ထပ်ဆောက်ကာ အခန်းများ ရောင်းစားခဲ့ခြင်းကို ပညာရေးဝန်ကြီးဌာနက သိရှိခြင်း ရှိ/မရှိနဲ့ သိရှိပါက စာချုပ်လွန် စည်းကမ်းပျက် ဆောင်ရွက်ခဲ့သည်ကို မည်သို့ အရေးယူဆောင်ရွက်ခဲ့သည်၊ (၂) မိမိ တာဝန်ခံ တာဝန်ယူတဲ့ အကျိုးတူ စာချုပ် ချုပ်ဆိုခဲ့သည်မှာ မှန်ပါလျက် စာချုပ်ပါ စည်းကမ်းချက်များအရ ပြန်လည်ပေးအပ်ရန်ရှိသည့် အခန်းများအနက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ကိုသာ စာချုပ်ပါအတိုင်း အခန်း အပြည့်အဝ ပြန်လည်ပေးအပ်ခဲ့ပြီး မူလနေထိုင်သူမိသားစုနှစ်စုအား အဘယ်ကြောင့် ယနေ့တိုင် (၁၀)နှစ်ကျော်ကာလ ပြန်လည်ပေးအပ်ခြင်း မပြုခဲ့သည်၊ (၃) ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အား အကြွေးဆပ်ရန် ရှိနေသည့် မြန်မာမြ ဆောက်လုပ်ရေး ကုမ္ပဏီ အပေါ် မိမိ ပိုမိုကြပ်မတ်ဆောင်ရွက်ခြင်း မရှိသည့်ကိစ္စနှင့် စာချုပ်ပါ စည်းကမ်းချက်များ လိုက်နာဆောင်ရွက်ခြင်း မရှိသည့် ကိစ္စရပ်များအပေါ် အဘယ်ကြောင့် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်း မရှိခဲ့သည်ကိုလည်းကောင်း၊ ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဥ် ရှိပါက ဆောင်ရွက်ပေးမည့် အစီအစဥ်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြား ပေးနိုင်ပါရန် အမျိုးသား

လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးများစွာတင်ပါတယ်။

မူလတန်းကျောင်း မြင်ကွင်းပုံ (က)



အခန်းအမှတ် ၁၄၇၊ မူလနေထိုင်သူ ဦးထွန်းခင် မိသားစု နေထိုင်ခဲ့သည့်အခန်း (က-၁)



**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်ကို ဖြေကြားသွား မှာ ဖြစ်ပါတယ်။ ပထမဦးစွာ ကချင်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း ရဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာ အထက်တန်းကျောင်း (၅)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၅)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (၁၄)ကျောင်း၊ အခြေခံပညာမူလတန်း (လွန်)ကျောင်း (၂၆)ကျောင်း၊ အခြေခံ ပညာမူလတန်းကျောင်း (၄၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၅)ကျောင်း၊ စုစုပေါင်း ကျောင်း (၁၀၅)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၊ ရှဒူးဇွပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တွင် နဝမတန်း(၄၅)ဦး၊ ဒသမတန်း(၇၂)ဦး၊ စုစုပေါင်း အထက်တန်းဆင့်သင် ကျောင်းသား(၁၁၇)ဦး ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့် တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများ ရှိပါတယ်။ ကျောင်းအဆင့် မြေနေရာ ရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ် မူတည်၍ သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စ အဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့် တိုးမြှင့်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရ အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ် မူတည်ပြီး ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ ရှဒူးဇွပ်ကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ပေးသင့်ပါကြောင်း သဘော ထားမှတ်ချက် ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထား ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွန့် ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်

နှစ်အထိ အခြေခံပညာ အထက်တန်းကျောင်း(၅)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)(၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၂၃)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၃၈)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(၆၇)ကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း(ခွဲ) (၂၇)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း(၁၆၄)ကျောင်းတို့အား တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများ ရှိပါတယ်။

သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသအခြေအနေအရ တနယ်ကျေးရွာနှင့် အိုင်းမကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းများအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထား မှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း (၇)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၈)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၂)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (၃၇)ကျောင်း၊ အခြေခံပညာမူလတန်း (လွန်)ကျောင်း (၆၆)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၂၃၀)ကျောင်း၊ စုစုပေါင်း မူလတန်းကျောင်း(ခွဲ) (၄၇)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း(၃၉၇)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

လပွတ္တာမြို့နယ်၊ ရွှေပြည်သာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပဉ္စမတန်း(၇၃)ဦး၊ ဆဋ္ဌမတန်း (၇၅)ဦး၊ သတ္တမတန်း (၅၀)ဦး၊ အဋ္ဌမတန်း(၅၂)ဦး၊ စုစုပေါင်း အလယ်တန်းဆင့်သင်ကျောင်းသား(၂၅၀)ဦး ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအဆင့် တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများ ရှိပါတယ်။ သို့ဖြစ်ပါ၍ လမ်းပန်း ဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ် မူတည်ပြီး ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့လျက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသအခြေအနေအရ ရွှေပြည်သာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ရဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၊ ပြည်သူပိုင်သိမ်း အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံ အကျိုးတူ ဆောက်လုပ်ရာတွင် မူလအခန်းပိုင်ရှင်များအား အကျိုးတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အခန်းများ ပြန်လည်ပေးအပ်ခြင်း မရှိသည့်ကိစ္စနှင့်စပ်လျဉ်း၍ အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ စိစစ်တင်ပြချက်အပေါ် အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လသာမြို့နယ် ကျုံးကြီးလမ်းနှင့် (၂၃)လမ်းထောင့်ရှိ ယခင် ယုတိတ် တရုတ် အလယ်တန်းကျောင်း သည် ၃၁-၃-၁၉၆၆ ရက်နေ့တွင် ပြည်သူပိုင်သိမ်းဆည်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၉)အရ ပြည်သူပိုင်သိမ်းကျောင်း ဖြစ်ခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသို့ ၅-၅-၁၉၈၇ ရက်နေ့တွင် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်ရန် စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းပေးခဲ့ပါကြောင်း၊ လွှဲပြောင်းပေးစဉ်၌ မူထိုင်ဘုရားကျောင်း ဝေယျာဝစ္စ ဆောင်ရွက်သည့် မိသားစု၊ ဦးထွန်းခင် မိသားစု၊ ဦးလှဝေ မိသားစု၊ ဦးရွှေမောင် မိသားစုနှင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးတို့ကို နေထိုင်မှုနှင့်အတူ အဆောက်အအုံ အားလက်ခံခဲ့ပါကြောင်း၊ အဆိုပါ နေထိုင်သူများမှ ဦးထွန်းခင်၊ ဦးလှဝေ မိသားစုများသည် မူထိုင်ဘုရားကျောင်းမှ ငှားရမ်းသူများဖြစ်ပြီး ဦးရွှေမောင် မိသားစုမှာ စက်မှုဝန်ကြီးဌာန၏ အစောင့်ဝန်ထမ်းဖြစ်ပါကြောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြေဂရန် ရရှိရေး ဆောင်ရွက်ခဲ့ရာ ၃-၉-၂၀၀၃ ရက်နေ့တွင် လသာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၁-ဘီ)၊ မြေအကျယ်အဝန်း(၂၈)ပေ (၉ x ၁၀၀) (၄၀ x ၄၀) မြေကို အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ အမှတ်(၂) လသာ အခြေခံပညာမူလတန်းကျောင်း အမည်ပေါက်ဖြင့် မြေဂရန် ရရှိခဲ့ပါကြောင်း၊ ၁၂-၄-၂၀၀၃ ရက်နေ့တွင် ရန်ကုန်မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်မှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၃/ ၂၀၀၃) ၏ သဘောတူခွင့်ပြုချက်ဖြင့် ပညာရေးဝန်ကြီးဌာန၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာမြေ ကုမ္ပဏီတို့ (၂၀း၈၀)ဖြင့် သဘောတူ စာချုပ် ချုပ်ဆို၍ လုပ်ငန်းအပ်နှံခဲ့ပါကြောင်း၊ အဆိုပါ အချိုးအရ မူလနေထိုင်သူများ မူထိုင်ဘုရားကျောင်း ဝေယျာဝစ္စ ဆောင်ရွက်သည့် မိသားစု(၁)ခန်း၊ ဦးထွန်းခင် မိသားစု၊ ဦးလှဝေ မိသားစု (၃)ခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး (၃)ခန်း အား ကုမ္ပဏီမှရရှိသည့်အချိုးမှ ပြန်လည်ပေးအပ်ရန် စာချုပ်တွင် ချုပ်ဆိုခဲ့ပါကြောင်း၊ မူလနေထိုင်သူများအား ဖယ်ရှားပေးရန် အကြိမ်ကြိမ် နှိုးဆော်စာ ပို့ခဲ့သော်လည်း ဖယ်ရှားခြင်း မရှိ၍ လက်ရှိနေထိုင်ရာ အခန်းများမှ ဖယ်ရှားပေးပါက ပြောင်းရွှေ့စရိတ်နှင့် နေထိုင်ရန် အခန်းများ ဝယ်ပေးမည်ဖြစ်ပါကြောင်းနှင့် ဖယ်ရှားခြင်း မရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်းကို ကုမ္ပဏီနှင့် ဌာနမှ ညှိနှိုင်းအသိပေးခဲ့ပါကြောင်း၊ သို့သော် ဦးရွှေမောင် မိသားစုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ လွဲ၍ ကျန်မိသားစုများမှာ ဖယ်ရှားခြင်း မရှိခဲ့ပါကြောင်း၊ ဖယ်ရှားပေးခြင်း မရှိခဲ့သော မိသားစုများသည် အိမ်ခန်းအား သော့ခတ်လျက် ဌာနသို့ အပ်နှံခြင်းမရှိ ပိတ်ထားခဲ့သဖြင့် အင်အားသုံး ဖယ်ရှားရခြင်း မရှိသော်လည်း ဥပဒေနှင့်အညီ အမှတ်(၃) အခြေခံပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သော အဖွဲ့ဖြင့် ၁၁-၁၁-၂၀၀၃ ရက်နေ့တွင် ဥပစာမှ နှင်ထုတ်ခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပစာနှင်ပြီးနောက် အဆိုပါ အဆောက်အဦအား ဖျက်သိမ်းလျက် စာချုပ်ပါအတိုင်း အဆောက်အအုံ အသစ် ဆောက်လုပ်ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကုမ္ပဏီမှ ဦးစီးဌာနသို့ သဘောတူအချိုးအရ အပ်နှံခဲ့ပါကြောင်း၊ ဦးစီးဌာနမှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြစဉ် ကုန်သွယ်မှု အချိုးသည် (၂၀း၈၀) မှ (၄၀း၆၀) သို့ ပြောင်းလဲသဖြင့် အကျိုးတူ ဆောင်ရွက်ခဲ့သော အဆိုပါ လုပ်ငန်းအား ပြင်ဆင်စာချုပ် ချုပ်ဆိုခဲ့ရပါကြောင်း၊ အဆိုပါအချိန်၌ ကုမ္ပဏီမှ

ရရှိသည့် အခန်းများကို ရောင်းချခဲ့ပြီး ဖြစ်၍ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန အနေဖြင့် အချိုးပြောင်းလဲခြင်းကြောင့် ရရှိမည့် အခန်း(၃)ခန်းကို အချိုးပြည့်ရန် ပေးအပ်ခဲ့ရပါကြောင်း၊ ၂၂-၇-၂၀၀၉ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနမှ (၄၀း၆၀) အရ ပြန်လည်ရရှိခဲ့သည့် အခန်း (၃)ခန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဦးထွန်းခင်၊ ဦးလှဝေ မိသားစုတို့အား ပြန်လည်ပေးအပ်ရန် အခန်းများ မရှိပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီးရဲ့ ဖြေဆိုချက်များအနက် လက်ရှိ ကျွန်တော်တို့ ကာယကံရှင်က စာချုပ်ပါ အချက်အလက်များဟာ ကာယကံရှင်များ ပေးအပ်မည့်အခန်း ဖြစ်တယ်ဆိုတာတော့ ဝန်ခံသွားတဲ့ သဘောတွေ့ပါတယ်။ သို့ရာတွင် ဆက်လက်ပြီး ဖော်ပြသွားတဲ့အထဲမှာ ပညာရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပြီး ဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာနနဲ့ မသက်ဆိုင်တော့တဲ့ အဖြေမျိုးဖြေဆိုသွားချက်နဲ့ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြဿနာတစ်ရပ် ဖြစ်ပေါ်လာတဲ့အခါဝန်ကြီးဌာနချင်း ညှိနှိုင်းဆောင်ရွက်ဖို့ အဆင့်တစ်ဆင့် ကျန်သွားဟန် တူပါတယ်။ ပညာရေးဝန်ကြီးဌာနကဆောင်ရွက်ချက်များကို ကျွန်တော်ဟာ အစစအရာရာ အဆင်ပြေစေလိုသော စိတ်စေတနာနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို အတွင်းအပြင် အလေးအနက် သွားရောက်စုံစမ်းပြီးပါပြီ။ လေ့လာမေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ မည်သို့မျှ မသက်ဆိုင်ကြောင်း ဝန်ကြီးဌာနက အလေးအနက် ဖော်ပြပြီးလည်း ဖြစ်ပါတယ်။

နောက်တစ်ခုက ဒုတိယဝန်ကြီး ဖြေဆိုသွားချက်များအပေါ်မှာ ဒီအခန်းများနဲ့ ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနနဲ့ မဆိုင်ဘူး ဆိုပေမယ့် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် က မြေညီထပ်ခန်း(၂)ခန်း၊ ပထမထပ်(၂)ခန်းနဲ့ ဒုတိယထပ် (၂)ခန်း စုစုပေါင်း(၆)ခန်း ပညာရေးဝန်ကြီးဌာနပိုင် အခန်းတွေ ဖြစ်တယ်လို့ ကြေညာချက် အမိန့်ထုတ်ပြန်ချက်တစ်ရပ်က အခု ဒုတိယဝန်ကြီး လိုချင်ရင် ချက်ချင်းပေးလိုက်ဖို့လည်း ကျွန်တော့်မှာ ရှိပါတယ်။ ဒါကြောင့် ပညာရေးဝန်ကြီးဌာနပိုင် ဖြစ်နေပြီဆိုပါလျက်နဲ့ လက်ရှိ မျက်မှောက်ခေတ်မှာ ကန်ထရိုက်နဲ့ ဝန်ကြီးဌာန ကျွန်တော်တို့ ဦးစီးဌာနတွေကြားထဲမှာ ပူပင်သောက မြောက်မြားစွာနဲ့ ကန်ထရိုက်တွေရဲ့ အလှည့်အပတ် မြောက်မြားစွာ ဖြစ်ပေါ်နေချိန်မှာ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်ကာလကလည်း ကန်ထရိုက်က ပြန်ပေးရမယ် သူ့အခန်းထဲက ပြန်ပေးရမယ် ဆိုတဲ့ ကတိကဝတ်ကို ပညာရေးဝန်ကြီးဌာနက ရပ်တည်နေသလို ဖြစ်တဲ့အတွက်ကြောင့် အလေးအနက် ပြန်လည်စဉ်းစားရမယ့် အခြေအနေ ဖြစ်ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် အလေးအနက် တင်ပြလိုတဲ့အချက်က ပညာရေးဝန်ကြီးဌာနပိုင်ဖြစ်ကြောင်း အခိုင်အမာ စာရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက သူနဲ့ လုံးဝမပတ်သက်ကြောင်း ဝန်ကြီးဌာနက ကျွန်တော့်ကို အလေးအနက် ပုဂ္ဂိုလ်ရေး တိုက်ရိုက်မေးမြန်းချက်အရ ပြန်ကြားပြီး ဖြစ်တဲ့အတွက်ကြောင့် ပညာရေးဝန်ကြီးဌာနဟာ မူလတို့ရဲ့ ကတိကဝတ်အတိုင်း ကာယကံရှင်များကို ပြန်ပေးရန်အတွက် ကန်ထရိုက်တာကို ပြောရုံနဲ့ ပြီးလောက်တဲ့ကိစ္စဖြစ်တယ်လို့ ကျွန်တော်

ယူဆပါတယ်။ ယခုအခါ ကန်ထရိုက်တာဟာ သူပိုင်အခန်းတွေအဖြစ်နဲ့ ယူပြီးတော့ ငှားစားနေတာလည်း လူတိုင်းသိတာ ဖြစ်ပါတယ်။ ဒါကြောင့် ဤကိစ္စကို ပညာရေးဝန်ကြီးဌာနက ဒီလိုနဲ့ ပြီးမသွားဘဲ အလေးအနက် ဖြေရှင်းဆောင်ရွက်ခြင်းအားဖြင့် မိမိလက်စဖြစ်တဲ့ ကန်ထရိုက်နဲ့ ဆောင်ရွက်တဲ့ကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးသင့်ပါကြောင်း ထပ်မံပြီးတော့ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ တင်ပြတာ ကျွန်တော် ကျေးဇူးလည်း တင်ပါတယ်။ အသေးစိတ်ကိုလည်း သိရခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဘက်က ပညာရေးဝန်ကြီးဌာနအနေနဲ့ မလုပ်ဘူးဆိုတာတော့ မရှိပါဘူး။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီပြောင်းသွားတဲ့အချိန်မှာပဲ ဒီဥစ္စာကို ပြန်ပြီးတော့ ပေးရန်တာဝန်ရှိတယ် ဆိုပြီးတော့ တင်ပြထားတာ ရှိပါတယ်။ ဒါပေမဲ့ အချိုးအရ ကျွန်တော်တို့ (၃)ခန်း ပြန်ပေးလိုက်ရတဲ့အတွက် ဒီ(၃)ခန်းသည်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ရတာမဟုတ်ပါဘူး။ နိုင်ငံတော်ပိုင် သိမ်းဆည်းထားသောပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အအုံနဲ့ မြေကွက်များ စီမံခန့်ခွဲရေးကော်မတီကို ပြန်လည်ပေးသွင်း ပြီးတော့ သူတို့ကမှ တန်ကြေးသင့်ပြီးတော့ နိုင်ငံတော်ကို ရငွေအဖြစ် ပြန်လည်ပေးသွင်းပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဆီက တင်ပြသော်လည်း မရရှိခြင်း ဖြစ်ပါတယ်။ ဆက်လက်တင်ပြတဲ့အချက်တွေတော့ ပြန်လည်စိစစ်ပြီးတော့ ပညာရေးဝန်ကြီးဌာန အနေနဲ့ ဒါကို ကန်ထရိုက်တာကို ပြောရုံနဲ့ ပြီးမယ် ဆိုရင်တော့ လုပ်ပေးပါမယ်။ ဒါပေမဲ့ ပြောရုံလေးနဲ့ ပြီးတဲ့ကိစ္စမဟုတ်ဘူး ဆိုရင်တော့ တရားတဘောင် လာမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ တရားစွဲဖို့ ကြည့်တဲ့အခါမှာ မြန်မာမြကုမ္ပဏီဟာ လွန်ခဲ့တဲ့ (၁၀)နှစ်က ဖျက်သိမ်းသွားပါပြီ။ ကုမ္ပဏီကိုလည်း ကျွန်တော်တို့ ရှာမရပါဘူး။ ရှေ့နေချုပ်ရုံးနဲ့လည်း ကျွန်တော်တို့ တင်ပြပါတယ်။ တင်ပြတော့ မလုပ်ပေးနိုင်စရာတော့ လုပ်နိုင်တဲ့ဟာတော့ လုပ်ထားပါတယ်။ ကျွန်တော်တို့နဲ့ ပတ်သက်တဲ့ကိစ္စမှာ နစ်နာမှုမရှိအောင်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ သမ္မတရုံးကိုလည်း တင်ပြပြီးတော့ ဦးကျော်ကျော်ဝင်းတို့လည်း ပါတာပဲ ပြန်စဉ်းစားဖို့တော့ လိုတာပေါ့။ နောက်တစ်ခုက အချိုးပြောင်းတာနဲ့ စာချုပ်ပါ ပြန်ပြင်ချုပ်ရတယ် ဆိုတာလည်း သိပ်တော့မဟုတ်ဘူး။ စာချုပ်တစ်ခုက ချုပ်ပြီးသား ချုပ်ပြီးသား အချိုးတိုင်း လုပ်ရမယ်။ ဒါလည်း ရှိတာပေါ့။ ဒါတွေဟာ ပြီးခဲ့တဲ့ကိစ္စတွေ ပြီးပါပြီ။ သို့သော်လည်း ကာယကံရှင်တွေ မနစ်နာရအောင် အခြားနည်းလမ်းနဲ့ စဉ်းစားပေးဖို့တော့ လိုပါလိမ့်မယ်။ အဲဒီအတိုင်း ဆောင်ရွက်ပါ။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ် က ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၉။**

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးဆုံးဖြတ်ပေးနိုင်ဖို့အတွက် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရဟန်းရှင်လူ ပြည်သူများက ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ရေးဆွဲပြဋ္ဌာန်းပေးပါရန် နိုင်ငံတော်သမ္မတထံ ဆန္ဒပြုတင်ပြချက်အရ နိုင်ငံတော် သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ နဲ့အညီ ပြည်ထောင်စုလွှတ်တော်က ရေးဆွဲပြဋ္ဌာန်းပေးနိုင်ပါရန် သဝဏ်လွှာပေးပို့တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်အနေနဲ့ တင်ပြပါ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သာသနာရေးဝန်ကြီးဌာနက မူကြမ်းရေးဆွဲပြီး လွှတ်တော်ကို တင်သွင်းရန်နှင့် လွှတ်တော်အနေနဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွား အမှန်တကယ် ရရှိဖို့အတွက် အလေးထား စဉ်းစား၍ ကြိုးပမ်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း နာယကကြီးမှ ပြန်ကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတအနေနဲ့လည်း တင်ပြပါဥပဒေကြမ်းကို ပြည့်စုံစွာရေးဆွဲနိုင် ရေးအတွက် ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှ အမိန့်ကြော်ငြာစာဖြင့် ဥပဒေကြမ်းရေးဆွဲရေး ကော်မရှင်ကို ဖွဲ့စည်း တာဝန်ပေးခဲ့ပါတယ်။ ဖွဲ့စည်းမိန့်ရဲ့ လုပ်ငန်းတာဝန်များအရလည်းကောင်း၊ နိုင်ငံတော်သမ္မတကြီး ရဲ့

လမ်းညွှန်ချက်များအရလည်းကောင်း ဥပဒေကြမ်းရေးဆွဲရေး ကော်မရှင်အနေနဲ့ တင်ပြပါ ဥပဒေကြမ်းကို ရေးဆွဲရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်မှုမရှိဘူး။ တည်ဆဲဥပဒေများနဲ့ ညီညွတ်စေဖို့ နိုင်ငံတော်နဲ့ ပြည်သူအတွက်အကျိုးရှိပြီး ကျင့်သုံးနိုင်စေဖို့၊ အများပြည်သူနဲ့ နိုင်ငံတကာက လက်ခံနိုင်ဖို့ မည်သည့်ဘာသာကိုမျှ ထိခိုက်နစ်နာမှုမရှိစေဘဲ မျှတသော ဥပဒေဖြစ်စေ ဖို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ တင်ပြပါ ဥပဒေကြမ်းကို လွှတ်တော်ကို တင်သွင်းရန် ပြည်ထောင်စု အစိုးရအဖွဲ့မှလည်း ခွင့်ပြုပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေမူကြမ်းကို အမျိုးသား လွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်က ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း ခြင်းကို ကျွန်တော် ဦးအောင်ချိုဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က ထောက်ခံတင်ပြအပ် ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန်

လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းနဲ့ ပတ်သက်လို့ သဘောတူတဲ့ပုဂ္ဂိုလ် ရှိတဲ့အတွက် လွှတ်တော်ရဲ့ဆန္ဒကို ရယူပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူတဲ့နေရာမှာ မတ်တပ်ရပ်ပြီး မဲခွဲတဲ့ဆုံးဖြတ်ချက်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

သဘောတူတဲ့ ပုဂ္ဂိုလ်များ ယခုအချိန်ကစပြီး မတ်တပ်ရပ်ပေးဖို့ ပန်ကြားအပ်ပါတယ်။

အဆိုတစ်ရပ်ကို လက်ခံစဉ်းစားရန် သဘောတူ/မတူ မတ်တပ်ရပ် ဆန္ဒမဲပေးတဲ့အခါမှာ ထောက်ခံ ၄၀ ဦး ရှိလို့ရှိရင် ဒီအဆို အတည်ဖြစ်ပါတယ်။ အခုကတော့ ထောက်ခံ ၁၈၇၊ ကန့်ကွက် ၆ ဦး သာဖြစ်တဲ့အတွက် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဦးမိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ၏ တာဝန်ပေးချက်အရ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅ - ၁၄
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဇန်နဝါရီလ ၁၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၅-၁၂-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၂-၁-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) မူလဥပဒေ "နိဒါန်း"၌ ဖော်ပြထားသော စကားရပ်များအစား ဥပဒေရေးထုံးညီညွတ်မှု ရှိစေရန်အတွက် " ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာတွင် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြထားသော စကားရပ် များအစား "သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ရွေးချယ်တင်ပြသည့် ငါးဦးထက် မပိုသော မြို့မိမြို့ဖများ၊ -- အဖွဲ့ဝင်" ဟု ပြင်ဆင်ပြီး အပိုဒ် ၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ခွဲငယ်(၄)အဖြစ် လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(င) တွင် ဖော်ပြထားသော စကားရပ် များအစား "မြို့နယ်ပညာရေးမှူးက တာဝန်ပေးအပ်သော ပညာရေးအရာထမ်းတစ်ဦး --- အဖွဲ့ဝင်" ဟု ပြင်ဆင်ပြီး အပိုဒ် ၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၅) အဖြစ် လည်းကောင်း၊ အပိုဒ် ၃ ကို အပိုဒ် ၃၊ အပိုဒ်ခွဲ(က) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ် ၃၊ အပိုဒ်ခွဲ(က) အောက်တွင် အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ) အဖြစ်လည်းကောင်း အောက်ပါ အတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

" ၃။(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၄)ပါ အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်သည့်အခါ ဖြစ်စေ၊ အစားထိုးရွေးချယ်ရန် အကြောင်းပေါ်ပေါက်သည့်အခါဖြစ်စေ၊ လစ်လပ် သည့်အဖွဲ့ဝင်ကို သက်ဆိုင်ရာ ကိုးကွယ်ရာ ဘာသာအလိုက် သတ်မှတ် ချက်နှင့်အညီ ပြန်လည်ရွေးချယ်တင်ပြရမည်။ "

( ခ ) မူလဥပဒေ အပိုဒ် ၄၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော "ဘာသာမဲ့အဖြစ်မှ ကိုးကွယ်ရာ ဘာသာတစ်ခုသို့ဖြစ်စေ လွတ်လပ်စွာ ကူးပြောင်းကိုးကွယ်ခွင့်ရှိသည်။" ဆိုသည့် စကားရပ်ကို "ဘာသာမဲ့အဖြစ်မှ ကိုးကွယ်ရာဘာသာတစ်ခုသို့ ဖြစ်စေ၊ ကိုးကွယ်ရာ ဘာသာတစ်ခုခုမှ ဘာသာမဲ့အဖြစ်သို့ဖြစ်စေ မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကူးပြောင်းခွင့်ရှိသည်။" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ကိုယ်ရေးအချက် အလက်များ တိကျစွာ သိရှိနိုင်ရန်အတွက် အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၃)တွင် ဖော်ပြထားသော စကားရပ်များအစား "ကိုင်ဆောင်သည့် လက်မှတ် အမျိုးအစားနှင့် အမှတ်"ဟု ပြင်ဆင်အစားထိုးသင့်ကြောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၃)၏ အောက်တွင် အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၄)" မွေးဖွားရာအရပ်"ဟု အသစ် ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၁၀) ကို အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၁၁)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင် ဖော်ပြထား သော စကားရပ်များအစား "ယခင်က ကိုးကွယ်ရာဘာသာ ကူးပြောင်းခဲ့ဖူးခြင်း ရှိ မရှိ၊ ရှိလျှင် လျှောက်ထားခဲ့သည့် မြို့နယ်နှင့်သက်သေခံလက်မှတ်အမှတ်၊" ဟု လည်းကောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၁၁)ကို အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၁၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား "ကိုးကွယ်ရာ ဘာသာကူးပြောင်းလိုသည့် အကြောင်းရင်း သို့မဟုတ် ဘာသာမဲ့

အဖြစ်သို့ ကူးပြောင်းလို သည့် အကြောင်းရင်း ” ဟု ပြင်ဆင်အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မှတ်ပုံတင်ရေးအဖွဲ့သည် သက်သေခံလက်မှတ်ထုတ်ပေးရာတွင် လျှောက်ထားသူ၏ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မူလဥပဒေအပိုဒ် ၇၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်အစား “ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရာတွင် ပုဒ်မ ၃ ပါ မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင် အားလုံးအနက်မှ ကူးပြောင်းသည့်ဘာသာများနှင့် သက်ဆိုင်သည့် မြို့မိမြို့ဖနှစ်ဦး အပါအဝင် အဖွဲ့ဝင် ထက်ဝက်ကျော် ပါဝင်သော အဖွဲ့ဖြင့် ဆောင်ရွက်ရမည်။” ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က) နှင့် အပိုဒ်ခွဲ(ဂ) တို့တွင် ဖော်ပြထားသော “အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနများသို့ သာသနာရေး ဦးစီးဌာနက သတ်မှတ်သည့် ပုံစံဖြင့် တင်ပြရမည်။” ဆိုသည့် စကားရပ်ကို “အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ သတ်မှတ်ထားသည့် ပုံစံဖြင့်တင်ပြရမည်။” ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၁၁ တွင် ဖော်ပြထားသော “သက်သေခံလက်မှတ် ထုတ်ပေးသည့် နေ့ရက် အချိန်မှစ၍ ကိုးကွယ်ရာ ဘာသာကူးပြောင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။” ဆိုသည့် စကားရပ်ကို “သက်သေခံ လက်မှတ်ထုတ်ပေးသည့် နေ့ရက်မှစ၍ ကိုးကွယ်ရာဘာသာ ကူးပြောင်းခွင့်ရရှိပြီးဖြစ်သည် ဟု မှတ်ယူရမည်။” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေအပိုဒ် ၁၄ တွင် ဖော်ပြထားသော “အလွဲသုံးစားပြုရန်” ဆိုသည့်စကားရပ်ကို အရေးအသား မှန်ကန်မှုရှိစေရန်အတွက် “တလွဲအသုံးပြုရန်” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၆ တွင် ဖော်ပြထားသော “မည်သူမျှ သူတစ်ဦး တစ်ယောက်၏” ဆိုသည့် စကားရပ်ကို “မည်သူမျှ ကိုးကွယ်ရာဘာသာ ကူးပြောင်းနိုင်ခွင့်ရှိသူ တစ်ဦး တစ်ယောက်၏” ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပြစ်ဒဏ်များ ချမှတ်ရာတွင် ခေတ်ကာလနှင့် လျော်ညီမှုရှိ စေရန်အတွက် အပိုဒ် ၁၇ တွင် ဖော်ပြထားသော စကားရပ်များအစား “မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။” ဟုလည်းကောင်း၊ အပိုဒ် ၁၈ တွင် ဖော်ပြထားသော စကားရပ်များအစား “မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။” ဟုလည်းကောင်း အသီးသီးအစားထိုးပြီး အပိုဒ် ၂၅ ၏အောက်တွင် အပိုဒ် ၂၆ အဖြစ် “ပြည်သူ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ရေးအဖွဲ့ဝင်များသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်

ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည် ဟု မှတ်ယူရမည်။" ဟု အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မြန်မာစာအရေးအသား မှန်ကန်မှု ရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှု ရှိစေရန်အတွက်လည်းကောင်း၊ အပိုဒ်စဉ်များကို အစီအစဉ်ကျနမှု ရှိစေရန် အတွက်လည်းကောင်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်း ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင် ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ် ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၁-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်က လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က ဆွေးနွေး စဉ်းစားရန် အဆိုကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးကို လေးစားစွာဖြင့် ထပ်မံတင်ပြအပ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန်အတွက် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းမှာလည်း ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းကဲ့သို့ပင် ဥပဒေကြမ်း ရေးဆွဲရေး ကော်မရှင်မှ ရေးဆွဲတင်ပြသည့် ဥပဒေကြမ်းဖြစ်ပါတယ်။ တင်ပြပါဥပဒေကြမ်းမှာ လူဦးရေ သိပ်သည်းမှုများခြင်း၊ လူဦးရေ တိုးနှုန်းမြင့်ခြင်း၊ မိခင်ကလေး သေနှုန်းမြင့်ခြင်း၊ ပြောင်းရွှေ့ဝင်ရောက် နှုန်းမြင့်ခြင်း၊ လူမှုစီးပွားအညွှန်းကိန်းများ နိမ့်ခြင်း၊ ဒေသတွင်း စားနပ်ရိက္ခာမလုံလောက်ခြင်း စတဲ့ အချက်များ ပေါ်ပေါက်ပါက စစ်တမ်းများဖြင့် ဆောင်ရွက်သည်။ စစ်တမ်းများအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက သိရှိတင်ပြပါက ပြည်ထောင်စုအစိုးရအနေဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျပြီး လူနေမှုဘဝမြင့်မားစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ ရရှိစေရေး၊ မိခင်နဲ့ကလေး ကျန်းမာဖွံ့ဖြိုးစေရေးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးရန် ရည်ရွယ်၍ ရေးဆွဲ ထားသော ဥပဒေကြမ်းဖြစ်ပါတယ်။ ကန့်သတ်ချက်၊ တားမြစ်ချက်၊ ပြစ်မှု ပြစ်ဒဏ်များ မပါဝင်ပါ။ ပြည်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်သည့် ဥပဒေ ဖြစ်ပါတယ်။

လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကိုလည်း လွှတ်တော်သို့ တင်သွင်းရန် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ် တင်သွင်းတဲ့ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းဟာ အမျိုးသား လွှတ်တော်တွင် စဉ်းစား၊ ဆွေးနွေး၊ ဆုံးဖြတ်ရန် တင်သွင်းတဲ့အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး က ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးစိုင်းတင်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စု ဒုတိယရှေ့နေချုပ်၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင် များနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယစိတ္တ၊ သုခနှစ်ဖြာနှင့် ပြည်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးစိုင်းတင်အောင် ပဲဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ -၁၅
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဇန်နဝါရီလ ၁၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၅-၁၂-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၃-၁-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန် မူလဥပဒေကြမ်း နိဒါန်း၌ ဖော်ပြထားသော စကားရပ်များအစား “ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဤဥပဒေကြမ်း တစ်ရပ်လုံးတွင် ပါရှိသော “ကျန်းမာရေး စောင့်ရှောက်မှု” ဆိုသည့်စကားရပ်ကို ဥပဒေကြမ်း၏အမည်နှင့် ညီညွတ်မှု ရှိစေရန်အတွက် “လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့” ဆိုသည့် စကားရပ်ကို အသုံးအနှုန်း မှန်ကန်စေရန်အတွက် “ပြည်ထောင်စု နယ်မြေကောင်စီ” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အထူးဒေသ ဆိုသည့် စကားရပ်ကို လက်ရှိ အထူးဒေသများနှင့် ကွဲပြားစေရန်အတွက် “သီးသန့်ဒေသ” ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

( ခ ) ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ)တွင် ဖော်ပြထားသော စကားရပ်များအစား “လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆိုသည်မှာ အန္တရာယ် ကင်းသော မိခင်နှင့် ကလေးဘဝရရှိစေရန် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက် သားလျှောမှုနှင့် ယင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာ များကို ကာကွယ်ခြင်းနှင့် ယင်းတို့အတွက် အသိပညာပေးခြင်းများကို ဆိုသည်” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော “ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုရန် စီမံဆောင်ရွက်ခြင်းနှင့်ကြီးကြပ်ခြင်း” ဆိုသည့်စကားရပ်ကို “ကျန်းမာရေး အထောက်အကူ

ပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဆ)တွင် ဖော်ပြထားသော စကားရပ်များအစား “လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး နှင့် လူဦးရေပြောင်းလဲမှုတို့ အပြန်အလှန် ဆက်စပ်မှုကို သုတေသနပြု ခြင်းတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ်(၁၂) တွင် ဖော်ပြထားသော စကားရပ်များအစား အထားအသို မှန်ကန်မှုရှိစေရန်အတွက် “ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်းခွဲ --- အဖွဲ့ဝင်” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော “ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစား ထိုး၍ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဈ) ကို အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဇ)အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲ(ဇ)၏ အောက်တွင် အပိုဒ်ခွဲ(ဈ)အဖြစ် “လုပ်ငန်း ဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ အခါ အားလျော်စွာ အစီရင်ခံတင်ပြခြင်း” ဟု အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(ဂ) လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စနစ်တကျဖွဲ့စည်းပြီး ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(စ) တွင် ဖော်ပြထားသော “ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့--အဖွဲ့ဝင်” ဆိုသည့်စကားရပ်ကို “ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း---အဖွဲ့ဝင်” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ (စ)၏ အောက်တွင် အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ဆ) အဖြစ် “ဥက္ကဋ္ဌ၊ မြို့နယ်ကြက်ခြေနီအသင်း---- အဖွဲ့ဝင်” ဆိုသည့်စကားရပ် ကို အသစ်ဖြည့်စွက်ပြီး အပိုဒ် ၁၆ တွင်ဖော်ပြထားသော စကားရပ်များအစား “ကျန်းမာရေး စောင့်ရှောက်မှုပေးသူများကို လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည် ဟု မှတ်ယူရမည်။” ဟု အသီးသီး ပြင်ဆင်သင့်ကြောင်းနှင့် မူလဥပဒေကြမ်း အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဋ) တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇(က) နှင့် ညီညွတ်မှုရှိစေရန်အတွက် လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ ပုဒ်မ ၁၉ကို -

"၁၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။" ဟု ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မြန်မာစာ အရေးအသား မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ဥပဒေ ရေးထုံး မှန်ကန်မှု ရှိစေရန်အတွက်လည်းကောင်း၊ အပိုဒ်စဉ်များကို အစီအစဉ်ကျနမှုရှိစေရန် အတွက်လည်းကောင်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်း ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင် ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ် များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၁-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပထမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]